# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၁၆]** ရန်ကုန်မြို့ { ၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက် ( ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁၇ ရက် ) } **သောကြာနေ့ [ အတွဲ ၆၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၉**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**အမှုထမ်းသစ်များခန့်အပ်ခြင်းကိစ္စ**

၁။ ဝန်ကြီးဌာနများ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် အမှုထမ်းသစ်များခန့်အပ်ရာတွင် တစ်ပြေးညီဖြစ်စေရန်အတွက် **ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို** ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ အမှုထမ်းသစ်များခန့်အပ်ရာတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထုတ်ပေးသည့် **အလုပ်သမားမှတ်ပုံတင်ကတ်ပြား ပါရှိရမည်ဖြစ်ပြီး** ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီမှ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

(က) သက်ဆိုင်ရာဌာနမှ ခန့်အပ်မည့် အမှုထမ်း၏ ကိုယ်ရေးနောက်ကြောင်းကို ပဏာမစိစစ်ရမည်။

(ခ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ခန့်ထားလိုသည့် အမှုထမ်းအင်အားသည် သတ်မှတ်ဖွဲ့စည်းပုံဘောင်အတွင်းရှိသည်မှာ မှန်ကန်ကြောင်း သဘောထားမှတ်ချက်ရယူရမည်။

(ဂ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထပ်မံခန့်ထားလိုသည့် အမှုထမ်းအင်အားအတွက် ခန့်ထားမည့် ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုလစာနှင့် စရိတ်လုံလောက်မှုရှိကြောင်း သဘောထားမှတ်ချက်ရယူရမည်။

၃။ အထက်အပိုဒ် (၂) ပါ အချက် (၃) ချက်နှင့် ပြည့်စုံပါက အမှုထမ်းသစ်ခန့်ထားရေးအတွက် ဝန်ကြီးချုပ်ရုံးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၄။ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများအတွင်းသို့ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် တရားမဝင်အဖွဲ့အစည်းများမှ အမာခံများ ထိုးဖောက်ဝင်ရောက် မလာနိုင်ရေးအတွက် အမှုထမ်းသစ်များခန့်အပ်ပြီးပါက အောက်ပါအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည် -

(က) လုံခြုံမှုစိစစ်နိုင်ရန် အမှုထမ်းသစ်၏ ကိုယ်ရေးဆိုင်ရာအချက်အလက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ပေးပို့ပြီး ကိုယ်ရေးနောက်ကြောင်းကင်းရှင်းမှု ရှိ/မရှိ စိစစ်ရေးဆောင်ရွက်ရန်။
(ခ) ကိုယ်ရေးနောက်ကြောင်းကင်းရှင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ရန်။

၅။ အစိုးရအဖွဲ့မှ ၂၀၀၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့စွဲပါ စာအမှတ် ၁/၁၀၅/အဖရ (၂၀၀၈) ဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၈) အား ဤစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်ပါသည်။

အမိန့်အရ
ဗိုလ်မှူးကြီးသန့်ရှင်း
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ကြေညာချက်အမှတ် (၁၇၄၄)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

အကြောင်းအရာ ။ ။ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးအား နုတ်ထွက်ခွင့်ပြုခြင်းနှင့် လစ်လပ်သွားသည့်နေရာတွင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ ကြေညာချက်အမှတ် (၁၇၀၁) ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မောင်ဝင်း (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) သည် ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားပါသဖြင့် ယင်းအား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးစောထွန်းလှမြိုင် (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်ပါသည်။

အမိန့်အရ
ဝင်းကို
အတွင်းရေးမှူး
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်
## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၀၉

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ ဘော်လခဲမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယ

မြို့နယ်တရားသူကြီး ဦးသန်းလွင် (တ/၂၅၆၂) အား မြို့နယ်တရားသူကြီး တာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၂ (၁) (က) အရ ပထမတန်းရာဇဝတ်အာဏာကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာကိုလည်းကောင်း အပ်နှင်းလိုက်သည်။

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၁၄ ။ ။ အောက်ဖော်ပြပါ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| စဉ် | အမည်/ကိုယ်ပိုင် အမှတ် | လက်ရှိရာထူး/ရုံး | ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရမည့်ရာထူး/ရုံး |
|---|---|---|---|
| ၁။ | ဦးအောင်စိုး ဥ/၁၈၃၈ | မြို့နယ်ဥပဒေအရာရှိ ချောင်းဆုံမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ နေပြည်တော်မြို့နယ်ဥပဒေရုံး |
| ၂။ | ဦးတင်စိုး ဥ/၁၆၆၃ | ဦးစီးအရာရှိ မွန်ပြည်နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ ချောင်းဆုံမြို့နယ်ဥပဒေရုံး |
| ၃။ | ဦးစိုးနိုင် ဥ/၁၈၈၁ | မြို့နယ်ဥပဒေအရာရှိ ဗန်းမောက်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ မုဒုံမြို့နယ်ဥပဒေရုံး |
| ၄။ | ဦးသန်းစိုး ဥ/၁၇၆၄ | မြို့နယ်ဥပဒေအရာရှိ မုဒုံမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ ဗန်းမောက်မြို့နယ်ဥပဒေရုံး |
| ၅။ | ဦးကျော်တင့် ဥ/၂၂၁၈ | မြို့နယ်ဥပဒေအရာရှိ ဝေါမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ လမ်းမတော်မြို့နယ်ဥပဒေရုံး |
| ၆။ | ဒေါ်နန်းအဲခမ်း ဥ/၁၆၈၄ | မြို့နယ်ဥပဒေအရာရှိ လမ်းမတော်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ ဝေါမြို့နယ်ဥပဒေရုံး |

အေးမောင်၊
ရှေ့နေချုပ်၊
ရှေ့နေချုပ်ရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

**တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၉၅)

ဖြင့် ဖွဲ့စည်းထားသော တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီတွင် အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဒေါ်ဆွေဆွေအား တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ၊

ဗိုလ်မှူးကြီးသူရိန်ဇော်
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အောက်ပါလက်ထောက်မန်နေဂျာ (စိုက်ပညာရှင်) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) (၃) ဦးအား မန်နေဂျာ (စိုက်ပညာရှင်) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် |
|---|---|
| ၁။ | ဦးမြအောင် |
| ၂။ | ဦးမောင်မောင်ထွန်း |
| ၃။ | ဦးကျော်ဝင်း |

အမှတ် ၂ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအေး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အား ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

အမှတ် ၃ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ အောက်ပါလက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) (၂) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း (၂)
(ခ) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း (၁)

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမှတ် (၁) စက်မှုဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

အမှတ် ၁၃ ။ ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြုလုပ်သော အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၀၈-၂၀၀၉) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်) မှ လစာနှုန်း (၄၅,၀၀၀-၁,၀၀၀-၅၀,၀၀၀) တန်း အလုပ်ရုံစုမှူး (စီမံရေး) ဒေါ်နိုင်နိုင်ရွှေအား ယင်းစက်ရုံရှိ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး (စီမံရေး) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

အမှတ် ၁၄ ။ ။ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) မှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း စက်ရုံမှူး ဒေါက်တာမြင့်စိန်အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အထူးဆေးဝါးစက်ရုံရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း စက်ရုံမှူးရာထူးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၅ ။ ။ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အထူးဆေးဝါးစက်ရုံမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း စက်ရုံမှူး ဒေါက်တာမောင်မောင်အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း စက်ရုံမှူးရာထူးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁၇ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြုလုပ်သော အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၀၈-၂၀၀၉) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်) မှ လစာနှုန်း (၄၅,၀၀၀-၁,၀၀၀-၅၀,၀၀၀) တန်း ကြီးကြပ်ရေးမှူး (စီမံကိန်း) ဦးမြမင်းအောင်အား ယင်းလုပ်ငန်း (ရုံးချုပ်) ရှိ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း လက်ထောက်မန်နေဂျာ (စီမံကိန်း) ရာထူးသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ အထူးကိစ္စတစ်ရပ်အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၃၀/၂၀၀၉ ။ ။ အောက်ဖော်ပြပါ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဦးဟောက်ခန့်ဆုမ်း | နိုင်ငံရေးရာဦးစီးဌာန |
| ၂။ | ဦးလှိုင်ဘုန်းမြင့် | ဝန်ကြီးရုံး |
| ၃။ | ဦးတင်ယု | နိုင်ငံရေးရာဦးစီးဌာန |
| ၄။ | ဒေါ်ခင်မျိုးသွဲ့ | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၅။ | ဒေါ်ခင်ပြုံးရွှေ | လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန |
| ၆။ | ဒေါ်သန္တာရွှေ | မြန်မာသံရုံး၊ ပေကျင်းမြို့ |
| ၇။ | ဦးဇော်ထွန်းဦး | သံတမန်ရေးရာဦးစီးဌာန |

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၀၆) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ်လည်းကောင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးများအတွက် လစာနှုန်းထားကို ယခင်သတ်မှတ်ပေးထားရှိသည့် သံမှူးလစာနှုန်းထား (၂၁၂၅/- ပုံသေ) အဖြစ်လည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

ဉာဏ်ဝင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

အကြောင်းအရာ။ ။ **ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်း။**

**Global Link Services Co.,Ltd.** ၏ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များဖြစ်သော ဦးသူရိန်ဦးနှင့် ဦးဆန်းမင်းအောင်တို့သည် ဦးဇေယျာထွန်းနှင့် ဒေါ်ခင်ကျော်ဇောဆွေတို့အား ကုမ္ပဏီကိုရောင်းစားခဲ့ကြောင်း စိစစ်တွေ့ရှိရသည့်အပြင် ဦးဇေယျာထွန်းမှလည်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏

ခွင့်ပြုချက်လိုင်စင်မရှိဘဲ အကျိုးဆောင်လိုင်စင်ရှိသည့် ကုမ္ပဏီသို့ ဆက်သွယ်ပေးကာ ကာတာနိုင်ငံသို့ အလုပ်သမား (၁၇) ဦး ပို့ဆောင်ပေးခဲ့ပြီး တရားစွဲဆိုခံရခြင်း၊ အမှုကျေအေးရန် ငွေပေးလျော်ရခြင်း၊ အလုပ်သမားအချို့အား မြန်မာနိုင်ငံသို့ ပြန်ပို့ခံရခြင်းများ ပေါ်ပေါက်သည့်အတွက် ကုမ္ပဏီအား ဖျက်သိမ်းပြီး ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း **(Black List)** တွင် ထည့်သွင်းသတ်မှတ်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသည့်ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ**

**(က) ကုမ္ပဏီ**

| | | |
|---|---|---|
| ကုမ္ပဏီအမည် | - | ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကုမ္ပဏီလီမိတက် **Global Link Services Co.,Ltd.** |
| ကုမ္ပဏီမှတ်ပုံတင် အမှတ်/ရက်စွဲ | - | ၁၃၃၅/၂၀၀၆-၂၀၀၇ (၂၃-၁-၂၀၀၇) |
| သက်တမ်းကုန်ဆုံးရက် | - | ၂၂-၁-၂၀၀၉ |
| လုပ်ငန်းအမျိုးအစား | - | ဝန်ဆောင်မှုလုပ်ငန်း |
| ကုမ္ပဏီလိပ်စာ | - | အမှတ် (၁၂၄)၊ ပထမထပ်၊ ၃၆ လမ်း၊ ၃-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |

**(ခ) ကုမ္ပဏီ၏ မူလဒါရိုက်တာအဖွဲ့ဝင် လူပုဂ္ဂိုလ်များ**

၁။ အမည် — ဦးသူရိန်ဦး
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် — ၇/သကန (နိုင်) ၀၀၀၃၇၁
လိပ်စာ — အမှတ် (၁၀)၊ ဘုရားကြီးလမ်း၊ ၁-ရပ်ကွက်၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း။

၂။ အမည် — ဦးဆန်းမင်းအောင်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် — ၁၂/ပဇတ (နိုင်) ၀၀၁၈၇၉
လိပ်စာ — အမှတ် (၆)၊ ဒေါနလမ်း၊ ၈-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**(ဂ) အခြားလူပုဂ္ဂိုလ်များ**

၁။ အမည် — ဦးဇေယျာထွန်း (ခ) ဇေယျာ
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် — ၁၄/ပသရ (နိုင်) ၀၀၀၁၃၃
လိပ်စာ — အမှတ် (၁၅၅-က)၊ သုခလမ်း၊ ၈-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အမည် — ဒေါ်ခင်ကျော်ဇောဆွေ (ခ) လယ်လယ်
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် — ၁၂/အစန (နိုင်) ၀၅၇၅၆၅
လိပ်စာ — အမှတ် (၂၃၃/၂၃၅)၊ ဒုတိယထပ် (ဝဲ)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ကြီး (ကိုယ်စား)၊
(ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**ညွှန်ကြားချက်အမှတ် ၃/၂၀၀၉**

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လေဆိပ်လုံခြုံရေးအတွက် ကတ်ပြားစနစ်ကို အသုံးပြုရာတွင် ကတ်ပြားတပ်ဆင်အသုံးပြုသူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်ရေးနှင့် လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများသို့ ဝင်ထွက်မှုပြုလုပ်ရာတွင် လုံခြုံရေးအရ စိစစ်နိုင်ရေးတို့အတွက် လိုက်နာဆောင်ရွက်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**လေဆိပ်လုံခြုံရေးအတွက် ကတ်ပြားစနစ် အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်**

**လေဆိပ်လုံခြုံရေးကတ်ပြားစီမံခန့်ခွဲခြင်း**

၁။ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် -

(က) လေဆိပ်လုံခြုံရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများဆောင်ရွက်ရန် အဆင့်မြင့်လုံခြုံရေးအရာရှိတစ်ဦးအား သတ်မှတ်တာဝန်ပေးရမည်။

( ခ ) လေယာဉ်လှုပ်ရှားမှုနယ်မြေ (AIR SIDE) အတွင်း လုံခြုံရေးကန့်သတ်နယ်မြေများ (SECURITY RESTRICTED AREAS) ကို လုပ်ငန်းဆောင်ရွက်မှုအခြေအနေပေါ် မူတည်၍ ဝင်ထွက်ခွင့်လုံခြုံရေးကတ်ပြားတွင် အမှတ်အသားတစ်ခုခုဖြင့် ခွဲခြား၍သတ်မှတ်ပေးထားရမည်။

၂။ လုံခြုံရေးကန့်သတ်နယ်မြေများတွင် လုပ်ကိုင်ဆောင်ရွက်ရသော ဌာန၊ အဖွဲ့အစည်းသည် -

(က) မိမိတို့၏ အလုပ်သမားများကို ဝင်ထွက်ခွင့်အတွက် လုံခြုံရေးကတ်ပြား လျှောက်ထားရာတွင် အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်၊ လုပ်ငန်းအမျိုးအစား၊ လုံခြုံရေးကန့်သတ်နယ်မြေသို့ ဝင်ရောက်ရသည့် အကြောင်းရင်းများကို ဖော်ပြရမည်။

( ခ ) လုံခြုံရေးကန့်သတ်နယ်မြေများသို့ ဝင်ရောက်ရန် မလိုသော သို့မဟုတ် တစ်ခါတစ်ရံမှသာ ဝင်ရောက်ရသော အလုပ်သမားများအတွက် လေဆိပ်လုံခြုံရေးကတ်ပြားများ ထုတ်ပေးထားခြင်းမပြုရ။

၃။ လေယာဉ်လှုပ်ရှားမှုနယ်မြေ (AIR SIDE) နှင့် လုံခြုံရေးကန့်သတ်နယ်မြေ (SECURITY RESTRICTED AREAS) အတွင်းသို့ ဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြားများကို လေကြောင်းပို့ဆောင်ရေးဦးစီးဌာနက သီးခြားသတ်မှတ်တာဝန်ပေးထားသည့် အရာရှိ သို့မဟုတ် အဖွဲ့အစည်းကသာလျှင် ထုတ်ပေးရမည်။

**ကိုယ်ရေးနောက်ကြောင်းစိစစ်ခြင်း**

၄။ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနက သီးခြားသတ်မှတ်တာဝန်ပေးထားသည့် အရာရှိသည် -

(က) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေအတွင်းသို့ ဝင်ထွက်ခွင့်အတွက် လုံခြုံရေးကတ်ပြားထုတ်ပေးရန် လုံခြုံရေးကတ်ပြား အသုံးပြုမည့်သူ၏ ကိုယ်ရေးအချက်အလက်၊ လုပ်ငန်းအတွေ့အကြုံနှင့် ပြစ်မှုကင်းရှင်းခြင်းရှိ/မရှိ စသည်တို့ကို အခြေခံ၍ စိစစ်ရမည်။

(ခ) လုံခြုံရေးကတ်ပြားအသုံးပြုသူ၏ ကိုယ်ရေးနောက်ကြောင်းကို နောက်ဆုံးပြောင်းလဲလာသည့် အခြေအနေအထိ သိရှိနိုင်ရန် ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ရမည်။
(ဂ) လျှောက်လွှာပါ အချက်အလက်များကို စိစစ်ပြီး ကိုယ်ရေးနောက်ကြောင်း အချက်အလက်များနှင့်စပ်လျဉ်း၍ ထုတ်ပေးရန်သင့်/မသင့်နှင့် ကန့်ကွက်ရန်ရှိ/မရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းထံမှ သဘောထားမှတ်ချက်တောင်းခံပြီး လုံခြုံရေးအတွက် စိတ်ချမှုရှိမှသာ လုံခြုံရေးကတ်ပြား ထုတ်ပေးရမည်။
(ဃ) လုံခြုံရေးကတ်ပြားအသုံးပြုသူအား လိုအပ်သော လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ခွင့်ပြုနယ်မြေသို့ ဝင်ထွက်မှုပြုနိုင်ရန် လုံခြုံရေးကတ်ပြားပေါ်တွင် ဂဏန်းဖြင့်ဖြစ်စေ၊ အက္ခရာဖြင့်ဖြစ်စေ၊ အရောင်ဖြင့်ဖြစ်စေ သတ်မှတ်ဖော်ပြရမည်။

**လုံခြုံရေးကတ်ပြားထုတ်ယူခြင်း**

၅။ လုံခြုံရေးကတ်ပြားရှိ ဓာတ်ပုံ၊ လက်မှတ်နှင့် အခြားကိုယ်ရေးအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးရန် လုံခြုံရေးကတ်ပြားကို လျှောက်ထားသူကိုယ်တိုင် ထုတ်ယူရမည်။ ထို့အပြင် သတ်မှတ်ထားသော စည်းကမ်းချက်များအား နားလည်သိရှိပြီး လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

**ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်းနှင့် တရားမဝင်အသုံးပြုခြင်း**

၆။ (က) လုံခြုံရေးကတ်ပြားကိုင်ဆောင်သူသည် အလုပ်မှစွန့်ခွာခြင်း၊ အခြားအလုပ်သို့ ပြောင်းရွှေ့ခြင်းနှင့် အလုပ်တာဝန်မှ ရပ်စဲခံရခြင်းဖြစ်ပေါ်ပါက ၎င်းအားထုတ်ပေးထားသော လုံခြုံရေးကတ်ပြားကို တာဝန်ရှိသူထံ ချက်ချင်းပြန်လည်အပ်နှံရမည်။
(ခ) လုံခြုံရေးကတ်ပြား ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းဖြစ်ပေါ်ပါက တာဝန်ခံ ထုတ်ပေးသူလုံခြုံရေးအရာရှိထံ ချက်ချင်းတယ်လီဖုန်းဖြင့် သတင်းပို့ရမည်ဖြစ်ပြီး စာဖြင့်လည်း အကြောင်းကြားရမည်။ လုံခြုံရေးအရာရှိသည် ပျောက်ဆုံးသော သို့မဟုတ် ခိုးယူခံရသော လုံခြုံရေးကတ်ပြားအား ပယ်ဖျက်ရမည့်အပြင် အကြောင်းကြားသည့် အစီရင်ခံစာ သို့မဟုတ် သတင်းပို့ချက်ရရှိပြီး (၁၂) နာရီအတွင်း လုံခြုံမှုစစ်ဆေးသောနေရာများသို့ အကြောင်းကြားထားရမည်။
(ဂ) လုံခြုံရေးကတ်ပြား ထုတ်ပေးသော လုံခြုံရေးအဖွဲ့အစည်းသည် ပျောက်ဆုံးသော သို့မဟုတ် ခိုးယူခြင်းခံရသော ကတ်ပြားများအား စာရင်းဇယားပြုလုပ် မှတ်တမ်းတင်ထားရမည်။ အကယ်၍ ပျောက်ဆုံးမှုအနေအထားကြောင့်ဖြစ်စေ၊ ပျောက်ဆုံးမှုအရေအတွက် များပြားလာခြင်းကြောင့်ဖြစ်စေ အသုံးပြုသည့် လုံခြုံရေးကတ်ပြားစနစ်ကို ထိခိုက်မှုရှိလာပါက လက်ရှိထုတ်ပေးထားသော လုံခြုံရေးကတ်ပြားများကို ပယ်ဖျက်၍ အသစ်ပြန်လည်ထုတ်ပေးရမည်။
(ဃ) လုံခြုံရေးကတ်ပြား၏သက်တမ်းသည် ၂ နှစ်ထက် မပိုစေရ။
(င) ခွင့်ပြုထားသော လုံခြုံရေးကတ်ပြားများကို အနည်းဆုံး ၁၂ လ တစ်ကြိမ် စစ်ဆေး၍ မှန်ကန်ကြောင်း အသိမှတ်ပြုရမည်။

**လုံခြုံရေးကတ်ပြားတပ်ဆင်ခြင်းနှင့် ချိတ်ဆွဲခြင်း**

၇။ လုံခြုံရေးကတ်ပြား တပ်ဆင်အသုံးပြုသူသည် -
(က) လုံခြုံရေးကတ်ပြားအား ခါးအထက် ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ချိတ်ဆွဲထားရမည်။
(ခ) လုံခြုံရေးကတ်ပြားအား ထင်ရှားစွာ မြင်သာစေရန် ပြသထားရမည်။

**လုံခြုံရေးကတ်ပြားပုံသဏ္ဍာန်**

၈။ တပ်ဆင်အသုံးပြုရမည့် လုံခြုံရေးကတ်ပြားသည် -

(က) အလျား ၈၅ မီလီမီတာ၊ အနံ ၅၅ မီလီမီတာရှိပြီး CREDIT CARD အရွယ်အစားဖြစ်ရမည်။

( ခ ) အတုမပြုလုပ်နိုင်စေရန် နောက်ခံကို ရှုပ်ထွေးသော ဒီဇိုင်းပြုလုပ်ပြီး ဓာတ်ပုံ ထင်ရှားစွာပေါ်လွင်စေသော နောက်ခံဖြစ်ရမည်။

( ဂ ) လုံခြုံရေးကတ်ပြား၏ သုံးပုံတစ်ပုံတွင် အနီးကပ်ရိုက်ထားသည့် ဓာတ်ပုံ ကပ်ရမည်။

(ဃ) အခြားဓာတ်ပုံဖြင့် အစားထိုးခြင်းမှ ကာကွယ်နိုင်ရန်အလို့ငှာ ဓာတ်ပုံ ပေါ်တွင် လုံခြုံရေးတံဆိပ် ရိုက်နှိပ်ထားရမည်။

၉။ လုံခြုံရေးကတ်ပြား ရှေ့မျက်နှာစာတွင် အောက်ပါအချက်အလက်များ ဖော်ပြပါရှိစေရမည် -

(က) သက်တမ်းကုန်ဆုံးမည့်ရက်စွဲ၊

( ခ ) ဝင်ရောက်သွားလာနိုင်သော လုံခြုံရေးကန့်သတ်နယ်မြေများ၊

( ဂ ) ကိုင်ဆောင်သူအမည်၊

(ဃ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၏အမည်၊

( င ) လုံခြုံရေးကတ်ပြား အမှတ်စဉ်နံပါတ်၊

( စ ) လုံခြုံရေးကတ်ပြား ထုတ်ပေးသော အရာရှိ၊ အာဏာပိုင်အဖွဲ့အစည်း။

**ယာယီဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြား**

၁၀။ ယာယီဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြား သို့မဟုတ် ဧည့်ဝင်ခွင့်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ -

(က) ခွင့်ပြုသည့်အချိန်ကာလကို တိကျစွာ ဖော်ပြရမည်။

( ခ ) ဌာနဆိုင်ရာ တာဝန်ရှိဧည့်သည်များ၊ ဧည့်သည်များ၊ အမြဲတမ်းပညာ ရပ်ဆိုင်ရာ အလုပ်သမားမဟုတ်သော သို့မဟုတ် ပညာရှင်မဟုတ်သူ များသည် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန် လေယာဉ်လှုပ်ရှားမှု နယ်မြေသို့ ဝင်ထွက်ရန်လိုအပ်ပါက ယင်းတို့အား ယာယီဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြား သို့မဟုတ် ဧည့်ဝင်ထွက်ခွင့်ကတ်ပြား ထုတ်ပေးရမည်။

( ဂ ) ယာယီဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြား သို့မဟုတ် ဧည့်ဝင်ထွက်ခွင့် ကတ်ပြားတွင် ဓာတ်ပုံကပ်ရန် မလိုပါ။

(ဃ) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများသို့ ဝင်ထွက်ခွင့်ပြုသော ဧည့်သည်များအားလုံး ဝင်ထွက်ရာတွင် လုံခြုံရေး အစောင့် အတူပါရှိရမည်။

**မော်တော်ယာဉ်ဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြား**

၁၁။ (က) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေသို့ ဝင်ရောက်မည့် မော်တော်ယာဉ်များနှင့် ယာဉ်မောင်းများသည် တည်ဆဲ ဥပဒေနှင့်အညီ လိုင်စင်ရှိရမည့်အပြင် လေယာဉ်လှုပ်ရှားမှုနယ်မြေ အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မောင်းများသည် လုံလောက်သော ယာဉ်မောင်းသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ မော်တော်ယာဉ်များ တည်ဆောက်ထားရှိမှု၊ ကြံ့ခိုင်စွာအသုံးပြုနိုင်မှုများ အတွက် ထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

( ခ ) မော်တော်ယာဉ်ဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြားတွင် အောက်ပါအချက် များပါဝင်ဖော်ပြရမည် -

(၁) မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်စဉ်နံပါတ်၊
(၂) မော်တော်ယာဉ်ပိုင်ဆိုင်သော အဖွဲ့အစည်း သို့မဟုတ် အသုံးပြုသောအဖွဲ့အစည်းအမည်၊
(၃) မော်တော်ယာဉ်ဝင်ထွက်ခွင့်သက်တမ်း၊ (အများဆုံး ၁၂ လထက် မပိုစေရ)
(၄) မော်တော်ယာဉ်ဝင်ထွက်ခွင့်ပြုသည့် လုံခြုံရေးကန့်သတ်နယ်မြေ၊
(၅) မော်တော်ယာဉ်ဝင်ထွက်ရန် ခွင့်ပြုထားသည့် ဝင်ပေါက် ထွက်ပေါက်။

၁၂။ မော်တော်ယာဉ် ဝင်ထွက်ခြင်းပြုရာတွင် လုံခြုံရေးကတ်ပြားများကို မော်တော်ယာဉ်၏အရှေ့ပိုင်းတွင် အမြဲတမ်းကပ်ထားရမည်။

၁၃။ လုံခြုံရေးကန့်သတ်နယ်မြေသို့ မော်တော်ယာဉ်ဝင်ထွက်တိုင်း စစ်ဆေးခြင်းကို ခံယူရမည်။

၁၄။ မော်တော်ယာဉ်ဝင်ထွက်ခွင့် လုံခြုံရေးကတ်ပြားများကို လွှဲပြောင်းသုံးစွဲခြင်း မပြုလုပ်ရ။

၁၅။ မော်တော်ယာဉ်ဝင်ထွက်ခွင့်အတွက် အသုံးပြုသော လုံခြုံရေးကတ်ပြားကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် အားလုံးကို အသေးစိတ်စစ်ဆေးရမည်။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၉)**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၄၈/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန (ရုံးချုပ်) မှ ဦးစီးအရာရှိ (စီမံ-၃) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ဒေါ်သန်းသန်းရွှေအား လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော လက်ထောက် မန်နေဂျာ (စီမံ-၃) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ ပြောင်းရွှေ့လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့နေရာချထားလိုက်သည်။

ဦးအောင်ကြည်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၉)

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (စက်မှု) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) (၄) ဦးတို့အား အင်ဂျင်နီယာမှူး (စက်မှု) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် |
|---|---|
| (က) | ဦးတိုးနီ |
| (ခ) | ဦးမောင်မောင် |
| (ဂ) | ဦးမောင်မောင်ပြုံး |
| (ဃ) | ဦးမြင့်နိုင် |

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၉)

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး (စက်မှု) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးအောင်လှိုင်အား လုပ်ငန်းလိုအပ်ချက်အရ နေပြည်တော် (ရုံးချုပ်) မှ ရွာထောင်စက်ရုံသို့ လစာနှုန်းတူရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၉)

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) တွင် မိသားစု အခက်အခဲအဆင်ပြေစေရေးအတွက် တစ်ဆင့်နိမ့်ရာထူးဖြစ်သော လက်ထောက်အင်ဂျင်နီယာ (စက်မှု) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ဖြင့် စက်ခေါင်းစက်ရုံ (အင်းစိန်) တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် လာမည့် (၅) နှစ်အတွင်း ရာထူးတိုးမြှင့်ရေး အခွင့်အရေးကို စွန့်လွှတ်နိုင်ကြောင်း ဝန်ခံကတိပြုလျက် လျှောက်ထားလာသည့် မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး (စက်မှု) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဒေါ်ထားထားနွယ်၏ ကိုယ်တိုင်လျှောက်ထားချက်ကို လက်ခံ၍ တစ်ဆင့်နိမ့်ရာထူးဖြစ်သည့် လက်ထောက်အင်ဂျင်နီယာ (စက်မှု) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ဖြင့် စက်ခေါင်းစက်ရုံ (အင်းစိန်)

သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဗိုလ်ချုပ်အောင်မင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

အမှတ် ၁၀ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဘိုကလေးပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီး ဒေါ်မြတ်မြတ်ဝေအား မော်လမြိုင်ပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၁ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ မြောင်းမြပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဦးတင်စောအား အဆိုပါကျောင်းတွင်ပင် ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၂ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်မြို့ပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်မူမူအား တောင်ကြီးပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၃ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပုသိမ်ပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဦးကျော်လွင်အား အဆိုပါကျောင်းတွင်ပင် ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၄ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တောင်ကြီးပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်လှိုင်မြင့်အား မုံရွာပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၅ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ မကွေးပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဦးကျင်မောင်အား ထားဝယ်ပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၆ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဘိုကလေးပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ထွေးထွေးတင်အား ကျောက်ဖြူပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၇ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ စစ်ကိုင်းပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဦးစန်းလွင်အား အဆိုပါကျောင်းတွင်ပင် ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၈ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ မိတ္ထီလာပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်စန်းမြင့်အား ပခုက္ကူပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၁၉ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ မုံရွာပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်သန်းသန်းတင့်အား ဘားအံပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

အမှတ် ၂၀ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ သဘောတူညီချက်အရ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ လှည်းကူးပညာရေးကောလိပ်၊ ဒုတိယကျောင်းအုပ်ကြီး ဦးမြကျော်အား ဘိုကလေးပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးအဖြစ် အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ကျန်းမာရေးဝန်ကြီးဌာန

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

အမှတ် ၉ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးတက္ကသိုလ်-မန္တလေး၊ ဇီဝဓာတုဗေဒဌာနမှ သရုပ်ပြ ဒေါက်တာရဲထွဋ်နောင် (ဆမ-၂၁၀၀၃) (လက်ထောက်ကထိကရာထူးကိုကျော်ထောက်နောက်ခံပြု၍) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဆေးတက္ကသိုလ်-မကွေး၊ ဇီဝဓာတုဗေဒဌာနသို့ သရုပ်ပြ (လက်ထောက်ကထိကရာထူးကို ကျော်ထောက်နောက်ခံပြု၍) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အဖြစ် ရာထူးပြောင်းရွှေ့ခန့်ထားလိုက်သည်။

**မှတ်ချက်** ။ ။ ရာထူးပြောင်းရွှေ့ခန့်ထားသည့် သရုပ်ပြသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ ရာထူးပြောင်းရွှေ့အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၀ ။ ။ နိုင်ငံ့ဝန်ထမ်းအဖြစ် (၃) နှစ် ထမ်းဆောင်ရန် ဆန္ဒပြုထားသော ဆေးတက္ကသိုလ်-မကွေး၊ ဆေးဝါးဗေဒဌာနမှ သရုပ်ပြ ဒေါက်တာခင်သန့်ဇင် (ဆမ-၁၈၉၅၃) သည် အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ သရုပ်ပြ (လက်ထောက်ကထိကရာထူးကို ကျော်ထောက်နောက်ခံပြု၍) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းလဲခန့်ထားလိုက်သည်။

**မှတ်ချက်** ။ ။ အမြဲတမ်းဝန်ထမ်းအဖြစ် ပြောင်းလဲတာဝန်ချထားသည့် သရုပ်ပြသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရမည်ဖြစ်သည်။

အမှတ် ၁၁ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ သတ္တဗေဒဘာသာရပ်မှ အောက်ဖော်ပြပါ ကထိက/ဌာနမှူး (၃) ဦးတို့အား အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါတက္ကသိုလ်အသီးသီးတွင် ကထိက/ဌာနမှူး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဖြစ် ရာထူးပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

| စဉ် | အမည်/ရာထူး/ဌာန | ရာထူးပြောင်းရွှေ့တာဝန်ပေးအပ်သည့်တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါ်မိမိခိုင်<br>ကထိက/ဌာနမှူး၊ သတ္တဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး။ | ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။ |
| ၂။ | ဒေါ်ခင်မေအုန်း<br>ကထိက/ဌာနမှူး၊ သတ္တဗေဒဌာန<br>ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်။ | ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်။ |
| ၃။ | ဒေါ်ခင်စန်းဝင်း<br>ကထိက/ဌာနမှူး၊ သတ္တဗေဒဌာန<br>ဆေးဝါးတက္ကသိုလ်၊ မန္တလေး။ | ဆေးတက္ကသိုလ်၊ မန္တလေး။ |

**မှတ်ချက်** ။ ။ ရာထူးပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းခံရသည့် ကထိက/ဌာနမှူးများသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၂ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂)၊ ရန်ကုန် ဓာတုဗေဒဌာနမှ ကထိက/ဌာနမှူး၊ ဒေါ်လဲ့လဲ့ကြည်အား အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် ဓာတုဗေဒဌာနတွင် ကထိက/ဌာနမှူး လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) အဖြစ် ရာထူးပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

**မှတ်ချက်** ။ ။ ရာထူးပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းခံရသည့် ကထိက/ဌာနမှူးသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၃ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ဆေးဝါးဗေဒဌာနမှ ဦးစီးအရာရှိ (ဓာတ်ခွဲခန်းမှူး) ဦးစိုးတင်အား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ဆုံးဖြတ်ချက်အရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၁၇]** ရန်ကုန်မြို့ { ၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်<br>( ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၄ ရက် ) } **သောကြာနေ့ [ အတွဲ ၆၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၄၆)**

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၀၉ ခုနှစ်၊ မတ်လ ၅ ရက် )

အကြောင်းအရာ ။ ။ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးတို့အား နုတ်ထွက်ခွင့်ပြုခြင်းနှင့် လစ်လပ်သွားသည့်နေရာများတွင် အစားထိုးတာဝန်ပေးအပ်ခြင်း**

